# ရင်းနှီးမြှုပ်နှံမှု မူဝါဒ

ရင်းနှီးမြှုပ်နှံမှုမူဝါဒသည် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ(၁၂)ရပ်ကို အထောက်အကူပြုစေမည် ဖြစ်ပါသည်။

(၁) တာဝန်ယူမှုရှိပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုမည်။

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများသည် ပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းလွယ်ကူ၍ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်မည်။

(၃) မက်ခရိုစီးပွားရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အငြင်းပွားမှုများအတွက် ယုံကြည်ကိုးစားရသော ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ၊ အခြေခံ စီးပွားရေး အဆောက်အဦကောင်းမွန်စွာလည်ပတ်ဆောင်ရွက်နိုင်မည့် ယုံကြည်စိတ်ချရသည့် ဘဏ္ဍာရေးစနစ်တို့ဖြင့် ရင်းနှီးမြှုပ်နှံသူများ အတွက် အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်မည်။

(၄) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အားလျော်စွာ နိုင်ငံတော်အစိုးရသည်-

(က) နိုင်ငံခြားနှင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများအကြား ခွဲခြားဆက်ဆံမှုမရှိသော ကြိုတင်ခန့်မှန်းသိမြင်နိုင်သည့် ထိန်းကျောင်း ကြပ်မတ်မှု ဝန်းကျင်တစ်ရပ် ကိုထူထောင်မည်။

(ခ) စီးပွားရေးလုပ်ငန်းများကို အငြင်းပွားဖွယ်သိမ်းယူခြင်းမှ ကာကွယ်ပေးမည်။

(ဂ) အခွန်အကောက်များနှင့် အခြားပေးဆောင်ရန်ရှိသည်များကို ပေးဆောင်ပြီးနောက်ရရှိသည့် အကျိုးအမြတ်များအပြင် ဥပဒေနှင့်အညီ ပေးချေရမည့်ကိစ္စများ ပြန်လည်လွှဲပြောင်းခွင့်များကို ကာကွယ် ပေးမည်။

(ဃ) အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကာလရှည် မြေငှားရမ်းခွင့်ရရှိရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်။

(၅) ပြည်တွင်းနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များ အပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း ဆိုင်ရာ ကျင့်ထုံးများကို ခွဲခြားမှုမရှိဘဲ တစ်ပြေးညီအစဉ်လိုက်နာရမည်။

(၆) နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ နယ်ပယ်များနှင့် ဆက်နွယ်သည့် အချို့သော စီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားသားများအား လုပ်ဆောင် ခွင့်မပြု။ အဆိုပါခွင့်ပြုနိုင်ခြင်း မရှိသည့် လုပ်ငန်းများကို ပွင့်လင်း မြင်သာစွာ ထုတ်ပြန်မည်။

(၇) အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုအားပေးမည် -

(က) ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တွင် ချိတ်ဆက်ထားသည့် ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်သော၊ တန်ဖိုးမြှင့် လယ်ယာထုတ်ကုန်များ ထုတ်လုပ်နိုင်သောလုပ်ငန်းများ။

(ခ) နည်းပညာလွှဲပြောင်းနိုင်မှုနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအပေါ် အကျိုး ဖြစ်ထွန်းမှု ရရှိစေမည့် လုပ်ငန်းများ။

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက် စေနိုင်မည့် လုပ်ငန်းများ။

(ဃ) အခြေခံစီးပွားရေးအဆောက်အဦများအား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက် စေနိုင် မည့်လုပ်ငန်းများ။

(င) အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး၊ ကျွမ်းကျင်မှု မြင့်မား တိုးပွားရေးအတွက် အထောက်အကူပြုသော အသက်မွေးဝမ်းကျောင်းပညာ များ လေ့ကျင့်သင်ကြားပေးနိုင်သည့် လုပ်ငန်းများ။

(စ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျအားနည်းသော ဒေသများတွင် ရင်းနှီး မြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများ။

(ဆ) စက်မှုမြို့များနှင့် အထူးစီးပွားရေးလုပ်ငန်းများ စုဖွဲ့ဆောင်ရွက်နိုင်မည့် လုပ်ငန်း များ။

(ဇ) ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။